# သောင်ဒေါင့်ကျေးရွာ

## ကပိုင်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

# (၂၀၂၃-၂၀၂၈)

**ပြုစုရေးဆွဲသူ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကပိုင်ကျေးရွာအုပ်စု၊ သောင်ဒေါင့်ကျေးရွာ၊ ပန်းတနော်မြို့နယ်

**( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**

**ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက**

**ကူညီရေးဆွဲသည်။)**

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | |
| | သောင်ဒေါင့်ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်ပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့နယ် | |
| ၁။ | တည်နေရာနှင့်ပထဝီဝင်အနေအထား | |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | |
| | (က)သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား-မရေးရာဆိုင်ရာကိစ္စ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ(၅)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကပိုင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာ ပြည်သူများနှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကျွန်ုပ်တို့ သောင်ဒေါင့်ကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်း ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူတစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာစနစ်တကျရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်

ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ် သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျပွင့်လင်းမြင်သာစွာဆောင်ရွက်တက်သည့် အလေ့ အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထို့ပြင် ထပ်မံ လိုအပ် သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက် ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိ ခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများ တွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲကေန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်း များစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက် နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန် နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေ စသည့်အသေးစိတ်အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် အုန်းပင်စုကျေးရွာ

အတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သောင်ဒေါင့်ကျေးရွာ
ကပိုင်ကျေးရွာအုပ်စု
ပန်းတနော်မြို့နယ်

ရက်စွဲ၊၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

# သောင်ဒေါင့်ကျေးရွာ၊ သယံဇာတပြမြေပုံ

မြောက်အရပ်တွင်

အနောက်အရပ်တွင် ရွာသစ်ကုန်းကျေးရွာ



အရှေ့အရပ်တွင် ချောင်းကလေးကျေးရွာ

တောင်အရပ်တွင် အိုးဘိုကျေးရွာ

ရည်ညွှန်းချက်

- သစ်ပင်
- လူနေအိမ်
- ရွာလမ်း
- စေတီ
- ဓမ္မာရုံ
- လယ်ကွင်း
- စာသင်ကျောင်း
- ချောင်း၊ရိုး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ပန်းတနော်မြို့နယ်၊ကပိုင်ကျေးရွာအုပ်စု၊သောင်ဒေါင့်ကျေးရွာ

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | |
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | ကျပန်း | လယ်ထွန် | မျိုးစပါးကြဲ | ဓါတ်ဆားပက် | ကျပန်း | မိုးစပါးသိမ်း | မိုးစပါးသိမ်း | မိုးစပါးသိမ်း/ပဲစိုက် | နွေစပါးကြဲ | ကျပန်း | ပဲသိမ်း | နွေစပါးသိမ်း |
| ၃ | ပွဲတော် | | | - | | | | | | - | | | |
| ၄ | အဖြစ်များသောရောဂါများ | [illegible] | ရာသီတုပ်ကွေး | ရာသီတုပ်ကွေး | [illegible] | ရာသီတုပ်ကွေး | | | | | | | ဝမ်းပျက်ဝမ်းလျှော |
| ၅ | အခြားသီးနှံများ | ကွမ်း | ကွမ်း | ဝိန်းဥ | | | | ပဲ/ငရုတ် | ပဲ/ငရုတ် | ပဲ/ငရုတ် | | | |
| ၆ | သဘာဝဘေးအန္တရာယ် | မီးသတိပြု | မီးသတိပြု | | | | - | - | - | - | - | - | မီးသတိပြု |
| ၇ | ဝင်ငွေ | | | | | | | | | | | | |
| ၈ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | သင့်/ခက်ခဲ | သင့်/ခက်ခဲ | သင့်/ခက်ခဲ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ရည်ညွှန်းချက် | | ညောင်ရေသွန်းပွဲတော် | | တပေါင်းဘုရားပွဲတော် | | သင်္ကြန်ပွဲတော် | | ကရင်နှစ်သစ်ကူးပွဲတော် |
| | နွေရာသီ | မုန်တိုင်းအန္တရာယ် | | သီတင်းကျွတ်မီးထွန်းပွဲတော် | | ဝါဆိုသင်္ကန်းကပ် | | |
| | မိုးရာသီ | ဆောင်းရာသီ | | ကထိန်ပွဲတော် | | ထမနဲပွဲတော် | မီးသတိပြု | မီးဘေးအန္တရာယ် |

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၊ သောင်ဒေါင့်ကျေးရွာ



## (၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး ၊ မအူပင်ခရိုင် အတွင်းတွင်ပါဝင်ပြီး မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၉၈.၅၂) စရိယာ စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့်မအူပင်မြို့နယ် ၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့်ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မမြို့နယ် ၊မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ခြင်း ထိစပ်လျှက်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် အရှေ့မှ အနောက်သို့ (၁၇) မိုင် ရှိပြီး တောင်မှမြောက်သို့ (၂၇)မိုင် ရှည်လျားပါသည်။ ပန်းတနော်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက် ရှိပါသည်။ ကျေးရွာအုပ်စု (၅၂) အုပ်စု ၊ ကျေးရွာပေါင်း(၄၄၉)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိ ပါသည်။

သောင်ဒေါင့်ကျေးရွာသည်ပန်းတနော်မြို့၏ အနောက်တောင်ဘက်တွင်တည်ရှိ၍ ကပိုင်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နှင့် (၁၂/၃) မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်း/ရေလမ်းဖြင့် သွားလာပါသည်။ ပွင့်လင်းရာသီတွင် ကုန်းလမ်းဖြင့် သွားလာနိုင်ပြီး ၊ မိုးရာသီတွင် ရေလမ်း/ကုန်းလမ်းခရီးဖြင့် အသုံးပြု ဆောင်ရွက်ရပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ (ရွာသစ်ကုန်း၊ အိုးဘို ၊ ချောင်းကလေး၊ ယင်းဖား၊ တာလမ်းကုန်း) အစရှိသည့် ကျေးရွာများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်သောဒေသ တစ်ခုလည်းဖြစ်ပါသည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်သာ လုပ်ကိုင်သောဒေသတစ်ခုလည်း ဖြစ်ပါသည်။

## (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ပန်းတနော်မြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်မှ ၁၇ ဒီဂရီ ၂၃ မိနစ်ကြား၊အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ ၂၈ မိနစ်မှ ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပါသည်။ ပန်းတနော် မြို့နယ်သည် အမြင့်ဆုံးအပူချိန် ၂၉.၂၂ ဒီဂရီစင်တီဂရိတ် ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။တစ်နှစ်ပတ်လုံးအနေဖြင့် ပျမ်းမျှမိုးရွာသွန်းရက်(၁၀၈) ရက် ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ပန်းတနော်မြို့နယ်သည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်း မှာ ရောဝတီမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့်အသုံးပြုနိုင်ပြီး သင်္ဘော ၊ စက်လှေများလည်း သွားလာနိုင်သော မြစ်များဖြစ်ပါသည်။ ဓါတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမှာ သဲကို ချောင်းမြောင်း များတွင် ထုတ်ယူနိုင်ပါသည်။

သောင်ဒေါင့်ကျေးရွာတွင် လယ်မြေ (၁၅၉) ဧက နှင့် ဥယျာဉ်ခြံ (၃) ဧက ၊ ရှိပြီး စုစုပေါင်း မြေ (၁၆၂) ဧက ရှိပါသည်။ ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးကြပြီး ၊ ရာသီအလိုက် ပဲ ၊ ဂရုတ် စသည့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ တောင်သူ အားလုံးမှာ နွေစပါး စိုက်ပျိုးရာ တွင် ချောင်းရေ အဓိကသုံးစွဲ စိုက်ပျိုးကြပါသည်။ ကျန်းမာရေး အတွက် အထောက်အကူ ဖြစ်စေ သော ဆေးဘက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊လောက်သေ၊ ပွေးကိုင်း၊ ဆင်တုန်းမနွယ်၊ ကုန်းဗေဒါ၊ကြိတ်မှန်ရွက်၊ ကုလားပင်စိမ်း တို့ ပေါက်ရောက်ပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့် ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများ စုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေး လုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ရပ်မိရပ်ဖ ၊ အုပ်ချုပ်ရေး ၊ လူငယ် ၊ အမျိုးသမီး ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ ဘာသာရေး ၊ အရန်မီးသတ် စသည်အဖွဲ့များ နှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်း များ ဖွဲ့စည်း ထားရှိပြီး အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာ စည်းလုံးညီညွတ်စွာ ဆောင်ရွက် ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှဦးဆောင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ ကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သော အဖွဲ့ အစည်းများ ၊ အလှူရှင်များနှင့်ချိတ်ဆက်ကာကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန် ခွန်စိုက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

သောင်ဒေါင့်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၀)စု ၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၅)စု ၊ မပြေလည်သောအိမ်ထောင်စု(၄၉)စု ၊ အလွန်မပြေလည်သော အိမ်ထောင်စု (၂၁)စု ရှိကြပြီး လယ်မြေ နှင့် ဥယျာဉ်ခြံမြေကေ ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုများသည် အများအားဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ငရုတ်၊ပဲ အစရှိသည့် အခြားသီးနှံ များကိုရာသီပေါ်အဖြစ် စိုက်ပျိုး ထုတ်လုပ်ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများမှာ အများစု အနေဖြင့် နေ့စား/ကျပန်း အလုပ်ကိုသာ အဓိကထား လုပ်ကိုင် ဆောင်ရွက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ချောင်းရေမှ ရရှိသော ရေကို အဓိကထား၍ အသုံးပြုကြပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁၄)စီး ၊ ခြွေလှေ့စက် (၆)စီး ၊ ရေစုပ် စက်(၂၈)လုံး ၊ မြက်ရိတ်စက်(၅)လုံး ရှိပြီး ငှားရမ်း လုပ်ကိုင် ကြသော တောင်သူများလည်း ရှိပါသည်။ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ ၊ သီးနှံမျိုးစေ့များကို အင်းမစျေးတွင် လည်းကောင်း၊ ပန်းတနော်မြို့စျေးတွင်လည်းကောင်း ဝယ်ယူ ရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူ ကိုယ်တိုင်သော်လည်းကောင်း ၊ ကုန်သည်ပွဲစားများမှ တဆင့်သော်လည်းကောင်း ရောင်းချကြပါသည်။ မိုးတွင်းကာလတွင် မိုးစပါး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ စိုက်ပျိုးထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သော ကျေးရွာတစ်ခု ဖြစ်ပြီး သဘာဝအရင်း အမြစ်များပေါများသည့် အလျောက် အကျိုးအမြတ်များပိုမို ဖြစ်ထွန်းရန်အတွက် အကျိုးအမြတ် ပိုမိုရရှိရေး ရာသီဥတုမရွေး စိုက်ပျိုး နိုင်သည့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်ရရှိရေး စျေးကွက်အတွင်း အဆင့်မီ ရောင်းချ နိုင်သည်အထိ တိုးတက်ထုတ်လုပ်နိုင်သည့် နည်းလမ်းများကို ရှာဖွေ အားထုတ်ရမည် ဖြစ်ပါသည်။

သောင်ဒေါင့်ကျေးရွာသည် မြို့နယ်နှင့် (၁၂/၃)မိုင် ကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများရရှိရန် အနည်းငယ်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများ လွယ်ကူစွာ ရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

သောင်ဒေါင့်ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေး အဖြစ် နွားမွေးမြူသည့် အိမ်ထောင်စု (၁)အိမ်ရှိပြီး နွားကောင်ရေ (၂) ကောင် ၊ ဝက်မွေးမြူသည့် အိမ်ထောင်စု (၂)အိမ်ရှိပြီး ဝက်ကောင်ရေ (၅) ကောင် ၊ ကြက်မွေးမြူသည့်အိမ်ထောင်စု (၇၈)အိမ် ရှိပြီး ကြက် ကောင်ရေ(၃၈၂)ကောင် ၊ ဘဲမွေးမြူသည့် အိမ်ထောင်စု(၁၂)အိမ်ရှိပြီး ဘဲကောင်ရေ(၅၂)ကောင် မွေးမြူကြပါသည်။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် ရောဂါ ကာကွယ်ရေး ၊ ကုသရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

သောင်ဒေါင့်ကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင် ၊ အရောင်းအဝယ်၊ ပန်းရံ ၊ လက်သမား၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်း ၊ နှင့် အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့သွားရောက်လုပ်ကိုင်သူများ လည်းရှိပါသည်။ နေ့စားလုပ်ကိုင်သူများ အနေဖြင့် တစ်နေ့လုပ်အားခ ကျား(၆၀၀၀/-)ကျပ်၊ မ(၅၀၀၀/-) ကျပ် ရရှိကြပါသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရ လုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာနှင့်ငွေကြေးအရင်းအနှီးလိုအပ်မှုများ ရှိနေပါသည်။ လုပ်ငန်း နှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေ/ထော်လာဂျီ ဝယ်ယူ၍ ကုန်စည်များပို့လိုခြင်း၊ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းများ ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြား ဝန်ဆောင်မှု လုပ်ငန်းများ ( ဆံပင်ညှပ် ၊ ဆိုင်ကယ်ပြင် ) လုပ်ကိုင်လိုကြပါသည်။လယ်ယာသားငါးထွက်ကုန် ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းကြပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် အခြား အဖွဲ့စည်းများရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာ မြေပိုင်ဆိုင်သူများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။

အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက ဖြစ်ပြီး အတိုးနှုန်း မှာ (၀.၅) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧက ကုန်ကျ

စရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။လယ်သမားများအနေဖြင့် တစ်ဧကေ ကုန်ကျ
စရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသော ကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

သောင်ဒေါင့်ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးရေးတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

W.F.M ဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် နေသည်မှာ (၅)နှစ်ခန့်ရှိပြီ ဖြစ်ပြီး စိုက်ပျိုးရေး ၊ မွေးမြူရေး အရောင်းအဝယ် ၊ လက်မှုလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးဆောင်ရွက်လျက်ရှိပါသည်။ တစ်ဦးလျှင်(၄)သိန်း စ၍ အမြင့်ဆုံး(၈)သိန်းအထိ ထုတ်ချေးပြီး ကျေးရွာမှ အိမ်ထောင်စု (၂၀)စု သာ ထုတ်ချေးဆောင်ရွက်ထားရှိကြောင်း သိရှိရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သောင်ဒေါင့်ကျေးရွာသည် ပန်းတနော်မြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး ပန်းတနော်မြို့ ပုသိမ်-ရန်ကုန်ကားလမ်းမကြီးမှ (၃) မိုင်ခန့် ကွာဝေးပါသည်။ ပန်းတနော်မြို့သို့ ကုန်းလမ်း/ရေလမ်းဖြင့် သွားလာနိုင်ပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် လှေ(၁၅)စီး ၊ စက်လှေ(၁၀)စီး ၊ စက်ဘီး(၃၄)စီး ၊ ထော်လာဂျီ(၆)စီး နှင့် မော်တော်ဆိုင်ကယ်(၂၇) စီး တို့ဖြင့် အသုံးပြုကြပါသည်။

ကျေးရွာရှိလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် ပွင့်လင်းရာသီတွင်သာ သွားလာရ လွယ်ကူ အဆင်ပြေပါသည်။ ရွာတွင်းလမ်းအား မြေသားတိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းများကို ကျေးရွာမှကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားရှိလျှက်ရှိပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

သောင်ဒေါင့်ကျေးရွာနေ အိမ်ထောင်စုများမှာ ဆိုလာ ၊ ဘက်ထရီ ၊ ဖယောင်းတိုင် ၊ မီးခွက် ၊ တို့ကို အသုံးပြုကြပါသည်။ ကျေးရွာနေ ပြည်သူအများစုမှာ မီးလင်းရေးအတွက် ကိုယ်ပိုင်ဆိုလာ ၊ ဘတ္တရီငှားရမ်းအသုံးပြုမှု ၊ ဖယောင်းတိုင် နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။ မဟာဓါတ်အားလိုင်းရရှိရန် ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း အောင်မြင်နိုင်စေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားပါမည်။ လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်မည် ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါပြီး ကျေးရွာလူထုမှလည်း စိတ်ဝင်စားကြပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

သောင်ဒေါင့်ကျေးရွာတွင် မုန်တိုင်းသတင်း၊ လျှောင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း ၊ စလောင်း ဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက် အသွယ်နှင့် နည်းပညာရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းအင်တာ နက်လိုင်းများ ရရှိသဖြင့် ဆက်သွယ်ရေး အသုံးပြု ရာတွင် အဆင်ပြေလွယ်ကူမှုရှိပါပြီး အခက်အခဲများ အထူးတလည် မရှိပါ။

**(ဃ) ပညာရေး**

သောင်ဒေါင့်ကျေးရွာ၌ မူလတန်းကျောင်း(၁)ကျောင်း တည်ရှိပါသည်။ ကျောင်းမှာ (၆၀'× ၃၀') အုတ်ညှပ် သွပ်မိုး အမျိုးအအစားဖြစ်ပြီး ကောင်းမွန်ပါသည်။ ကျောင်းဆောင် (၁)ဆောင်သာ ရှိ၍ စာသင်ကြားရာတွင် ကျောင်းသား/သူများအနေဖြင့် အာရုံစူးစိုက်ရန် ခက်ခဲခြင်း ဖြစ်ပေါ်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လိုအပ်ပါသည်။ ကျောင်းတွင် စာရေးခုံ စားပွဲ၊ ကုလားထိုင် ၊ ပရိဘောဂများလုံလောက်မှုမရှိသောကြောင့် ကျောင်းသား/သူများ စာသင်ကြားရာတွင် အခက်အခဲ ရှိပါသည်။ ကျောင်း၌ ဆရာ/ဆရာမ (၇)ဦး ရှိပါသည်။ ကျောင်းသားဦးရေ (၆၃)ဦး ရှိပြီး ကျောင်းသား

နှင့်ဆရာ/ ဆရာမအချိုးမှာ(၄၀း၁)အောက် ရှိပါသည်။ ကျောင်းတွင် အာဟာရ တိုက်ကျွေးမှုအနေဖြင့် ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင် ရှိပါကလည်း တိုက်ကျွေး ဖြစ်ပါသည်။

သောင်ဒေါင့်ကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၃၁)ဦး ၊ အလယ်တန်းအဆင့် ကျောင်းနေသူ(၁၈)ဦး၊ အထက်တန်းအဆင့်ကျောင်းနေသူ(၆)ဦး ၊ တက္ကသိုလ်/ ကောလိပ် အဆင့် ကျောင်းနေသူ(၁)ဦး ရှိပါသည်။ စာတတ်မြောက်မှုနှုန်း အနေဖြင့် မူလတန်းအဆင့်(၃၂၅)ဦး ၊ အလယ်တန်းအဆင့် (၄၁)ဦး ၊ အထက်တန်းအဆင့် (၂၇)ဦး ၊ တက္ကသိုလ်/ ကောလိပ် အဆင့်(၄)ဦး၊ ဖြစ်ပြီး ကျေးရွာလူဦးရေ၏ စုစုပေါင်း (၄၂၀) ဦး ရှိသည့်အနက် ၊စာမတတ်သူ(၂)ဦး၊ ကျောင်းနေရွယ် မဟုတ်သည့် ဦးရေ(၂၁)ဦး ရှိကာ ကျေးရွာ၏စာတတ်မြောက်မှုဦးရေ ရာခိုင်နှုန်းမှာ (၉၄%) ခန့် ရှိပါသည်။

## (၇) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကပိုင်ကျေးရွာအုပ်စု၊ သောင့်ဒေါင့်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ နေထိုင် မကောင်းဖြစ်ပါကာ အနီးစပ်ဆုံး ကျေးလက် ကျန်းမာရေးဌာန ရှိသည့် ကတောက်ဆပ် ကျေးရွာသို့ သွားရောက်ပြီး အရေးပေါ် အခြေအနေများတွင် ချောင်းကလေးကျေးရွာတိုက်နယ်ဆေးရုံ နှင့် ပန်းတနော် မြို့နယ်ဆေးရုံများသို့ သွားရောက်ကုသကြရပြီး ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှော ၊ သွေးလွန် တုပ်ကွေး ၊ ဖျားနာခြင်း ၊ သွေးတိုး ၊ ဆီးချို ၊ ငှက်ဖျား စသည့် ရောဂါများအနည်းငယ် ဖြစ်ပွားလေ့ရှိပါသည်။

ကျေးရွာအား ကျန်းမာရေး အသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေး ပညာပေး များ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် ချောင်းရေ ကို အဓိက အသုံးပြုကြပြီး အဝီစိတွင်းရေကိုလည်း အသုံးပြုကြပါသည်။ အိမ်ထောင်စုများမှာ အဝီစိတွင်းစက်တပ်/တုံကင်နှင့် ချောင်းရေတို့မှရယူသုံးစွဲကြပြီးရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုမရှိသဖြင့် သန့်ရှင်း/ လုံလောက်မှု မှာ အသင့်အတင့် သာရှိသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ စိုက်ပျိုးရေအဖြစ် ချောင်း ရေနှင့် ရာသီမရွေး သုံးစွဲနိုင်ပါသည် ။ ကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေ အတွက် ရေသန့်စင်စနစ် လိုအပ်လျက်ရှိပါသည်။ သောင်ဒေါင့်ကျေးရွာ၌ အမှိုက်သရိုက်များ ကို ပုံမှန် သန့်ရှင်းရေးပြုလုပ်သော်လည်း စုပေါင်းလုပ်ဆောင်မှုအားနည်းခြင်း ၊ စည်းစနစ်ကျနစွာ လုပ်ဆောင်မှုရှိမည် ဆိုပါက သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု

ပေါင်း (၁၀၅) အိမ်ထောင်စု ရှိပြီး ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြပြီး သန့်ရှင်းသောရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှု အသိပညာလိုအပ်ပါသည်။

**(ဈ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သောင်ဒေါင့်ကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးဦးကာလတွင် မုန်တိုင်းကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပြီး လျှပ်စီးလှုပ်ခြင်းလည်း ရံဖန်ရံခါ ဖြစ်ပေါ်တတ်ခြင်း ကို အဓိကထား ကြုံတွေ့နေရပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိ သည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များပြုလုပ်ထားရှိမှု အားနည်းလျက်ရှိပါသည်။

သောင်ဒေါင့်ကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့်သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိပြီး အိမ်ထောင်စုများမှ ချက်ပြုတ်စားသောက်ရန် ထင်းများခုတ်ယူသဖြင့် သစ်တောပြုန်းတီးမှုများ အနည်းငယ် ဖြစ်ပေါ်ပါသည်။

**(ဉ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

သောင်ဒေါင့်ကျေးရွာတွင် လူဦးရေ(၄၂၀) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၂၀၅)ဦး နှင့် အမျိုးသမီးဦးရေ(၂၁၅)ဦး ဖြစ်ပါသည်။ ကျား၊မလူဦးရေ ရာခိုင်နှုန်းမှာ ကျား(၄၉%)၊ မ(၅၁%) ကျေးရွာတွင် ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၆၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၅၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသားတစ်ဦးလျှင်(အများဆုံး/အနည်းဆုံး) (၁၂၀၀၀-၈၀၀၀)နှုန်း ရရှိကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေးရွာရေးကိစ္စများ တွင်ပါဝင်ဆောင်ရွက်မှုအသင့်အတင့်ရှိနေပါသည်။

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | သောင်ဒေါင့် | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ | ကျေးလက်ဦးစီး | |
| ၂ | သောင်ဒေါင့် | ရေအရင်းအမြစ် | မိုဘိုင်းရေသန့်စင်စနစ်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ကျေးလက်ဦးစီး | |
| ၃ | သောင်ဒေါင့် | ရေအရင်းအမြစ် | စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း | ၈၅ | ၂ | ကျေးလက်ဦးစီး | |
| ၄ | သောင်ဒေါင့် | အခြေခံအဆောက်အဦ | သောင်ဒေါင့်-ကပိုင်ကျေးရွာချင်းဆက်လမ်း | ၈၃ | ၃ | ကျေးလက်လမ်း | |
| ၅ | သောင်ဒေါင့် | လျှပ်စစ်မီးလင်းရေး | လျှပ်စစ်ဓါတ်အားသွယ်တန်းခြင်းလုပ်ငန်း | ၈၀ | ၄ | လျှပ်စစ် | |
| ၆ | သောင်ဒေါင့် | စိုက်ပျိုးရေး | စိုက်ပျိုးရေးအသိပညာပေးသင်တန်း | ၇၈ | ၅ | စိုက်ပျိုးရေးဦးစီးဌာန | |
| ၇ | သောင်ဒေါင့် | ငွေကြေး | မတည်ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း | ၇၅ | ၆ | ကျေးလက်ဦးစီး | |
| ၈ | သောင်ဒေါင့် | ပညာရေး | တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | ၇၀ | ၇ | ပညာရေး | |
| ၉ | သောင်ဒေါင့် | အခြေခံအဆောက်အဦ | သောင်ဒေါင့်-ယင်းဖားကျေးရွာချင်းဆက်တံတားဆောက်လုပ်ခြင်း | ၆၅ | ၈ | ကျေးလက်လမ်း | |
| ၁၀ | သောင်ဒေါင့် | ရေအရင်းအမြစ် | ဗမာကရင်ချောင်း ဆည်မြောင်းတူးဖော်ခြင်းလုပ်ငန်း | ၆၀ | ၉ | ဆည်မြောင်း | |

## ပန်းတနော်မြို့နယ်၊ကပိုင်ကျေးရွာအုပ်စု၊သောင်ဒေါင့်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြကြိုင် | ဦးဝင်း | ၁၄/ပတန(နိုင်)၁၁၁၃၁၈ | ၄၈ | ဥက္ကဋ္ဌ | ၀၉-၆၉၂၅၄၂၀၃၂ |
| ၂ | ဦးမြင့်သန်း | ဦးစံလှိုင် | ၁၄/ပတန(နိုင်)၁၈၁၉၃၉ | ၃၃ | အဖွဲ့ဝင် | ၀၉-၆၇၀၀၃၁၀၅၀ |
| ၃ | စကျော်ကျော်မင်း | ဦးကြည်သန်း | ၁၄/ပတန(နိုင်)၂၆၄၅၁၀ | ၂၁ | အဖွဲ့ဝင် | |
| ၄ | ဦးကျော်မင်းစိုး | ဦးတင်လှိုင် | ၁၄/ပတန(နိုင်)၁၆၉၂၀၂ | ၃၈ | အဖွဲ့ဝင် | |
| ၅ | ဒေါ်သန်းသန်းမြင့် | ဦးစိုးကြည် | ၁၄/ပတန(နိုင်)၂၁၈၀၅၈ | ၃၈ | အဖွဲ့ဝင် | |
| ၆ | ဒေါ်ယဉ်နု | ဦးငွေ | ၁၄/ပတန(နိုင်)၂၀၈၉၅၉ | ၄၂ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ဇာခြည်အေး | ဦးကျော်မြင့် | ၁၄/ပတန(နိုင်)၂၀၈၉၆၁ | ၃၇ | အဖွဲ့ဝင် | |
| ၈ | ဒေါ်ရီရီသန်း | ဦးအောင်ရွှေ | ၁၄/ပတန(နိုင်)၂၆၈၆၆၃ | ၃၂ | အဖွဲ့ဝင် | |
| ၉ | ဦးအောင်မျိုးဝင်း | ဦးသိန်းအောင် | ၁၄/ပတန(နိုင်)၁၅၃၀၇၉ | ၃၇ | အတွင်းရေးမှူး | ၀၉-၆၈၉၂၆၁၃၉၃ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၃ | ၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉ | ၇ | ၁၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၁၄ | ၃၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၂၁ | ၃၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၅ | ၁၅၉ | ၃၁၄ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၁၁ | ၁၇ | | |
| **စုစုပေါင်း** | | **၂၀၅** | **၂၁၅** | **၄၂၀** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၀၅** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ် ၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** သောင်ဒေါင့်ကျေးရွာတွင် အိမ်ခြေ(၁၀၅) ရှိပြီး လူဦးရေမှာ (၄၂၀) ယောက် ရှိပြီး ကျား(၂၀၅) ၊ မ(၂၁၅)ဦး ရှိပါသည်။ ကျေးရွာလူဦးရေစာရင်း ကောက်ယူမှုအရ အလုပ်မလုပ်နိုင်သော လူဦးရေမှာ(၂၅.၂၅%)ဖြစ်ပြီး အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်း၏ (၇၄.၇၅%) ရှိသောကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၃ | ၁၀၄ | ၈ | ၅၇ | ၄၇ | ၄၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၇ | ၁၂၇ | ၇ | ၇၇ | ၅၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | ၉၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၈ | | | ၁၈ | ၈ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၀ | | ၁၀ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၈ | | ၃ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | ၆ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၀၅ | ၂၆၇ | ၁၅ | ၁၄၇ | ၁၂၀ | ၁၇၀ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။“**ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်း တစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား / ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –“**စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ သောင်ဒေါင့်ကျေးရွာတွင်ကျေးရွာ၏လူဦးရေကောက်ယူမှုစာရင်းအရကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် ၊ ကျပန်းအလုပ်လုပ်ကိုင်သူများရှိပြီးအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိက လုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၁-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။ ။** သောင်ဒေါင့်ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိက လုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ **၆၀၀၀** ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့လုပ်အားခမှာ **၅၀၀၀**ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ **၅၀၀၀**ကျပ်ဖြစ်၍ အနည်းဆုံးတစ်နေ့လုပ်အားခမှာ၄၀၀၀ကျပ်ဖြစ်ပါသည်။ လက်သမားပန်းရံလုပ်ငန်းများမှာလည်း ကျွမ်းကျင်လုပ်သားအနေဖြင့်လုပ်အားခ**၁၂**၀၀၀ကျပ်ဖြစ်၍ နေ့စားလုပ်ကိုင်သူများရှိပြီး လုပ်ခအားနှုန်းထားများအား ကျား/မအလိုက် ခွဲခြား သတ်မှတ်ပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၅၉** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၃** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၆၂** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ သောင်ဒေါင့်**ကျေးရွာတွင် လယ်ဧက(**၁၅၉**)ဧက၊ ဥယျာဉ်ခြံမြေ(**၃**)ဧက ပိုင်ဆိုင်မှုရှိကြပြီး စပါး ၊ ပဲတို့ကို အများဆုံးစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐<br>မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐<br>မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☑ နည်း ☐<br>မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑<br>မရှိ ☐ | ☒ | လျော့ ☑ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☑ နည်း ☐<br>မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☑ နည်း ☐<br>မရှိ ☐ | လွယ် ☐ ခက်☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **သစ်တော – အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐<br>မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐<br>မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ သောင်ဒေါင့်**ကျေးရွာတွင်ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ၊ ကျောက်ခဲ ၊ ကျောက်စရစ်များမထွက်ရှိပါ။ ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၂၅ | ၄၉ | ၂၁ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ဥစ္စာဓနအဆင့်အခြေအနေမှာ အလွန်အဆင်ပြေဆုံး အိမ်ထောင်စုမှာနည်းပါးပြီး **အလယ်အလတ်အဆင့်ရှိ အိမ်ထောင်စု ။** ဆင်းရဲသော အိမ်ထောင်စု နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၌ ဆင်းရဲပြီး အလုပ်အကိုင်နှင့်အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၁၈ | ၂ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ၃<br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = ၉ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၃ | - | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ______ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ **သောင်ဒေါင့်**ကျေးရွာတွင် (၃)လအထက် ဝမ်းစာဖူလုံမှုပြုရသော အိမ်ထောင်စုများအနေဖြင့် ဝမ်းစာဖူလုံရေးအ**တွ**က်ချေးယူခြင်း ၊ လုပ်အားခကြိုယူခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | ၃ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **သောင်ဒေါင့်**ကျေးရွာတွင် လူဦးရေစာရင်းကောက်ခံမှုအရ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
